**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၁၂/၂၀၂၀

ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်း။**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၄.၇.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/မလ(Gen-DMH)(၇/၁၄၃)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၂၇.၇.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ရညန/Buoy/၀၇၉၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၊ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ပါးရေးဦးစီးဌာန (Department of Disaster Prevention and Mitigation-DDPM) နှင့် အမေရိကန်နိုင်ငံ၊ အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ (National Oceanic and Atmospheric Administration-NOAA) တို့ ပူးပေါင်းပြီး ၂၀၀၆ ခုနှစ်မှ စတင်၍ အိန္ဒိယသမုဒ္ဒရာအတွင်း ဖူးခက်မြို့၏ အနောက်ဘက် ၉၆၅ ကီလိုမီတာအကွာတွင် ဆူနာမီရေလှိုင်းပြဗော်ယာ(Tsunami Buoy) တပ်ဆင်ထားခဲ့ပါသည်။

၂။ အဆိုပါ ဆူနာမီရေလှိုင်းပြဗော်ယာ (Tsunami Buoy)သည် ၂၃.၆.၂၀၂၀ ရက်နေ့တွင် မှတ်တမ်းအချက်အလက်များ မရရှိတော့ပါသဖြင့် ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် (GPS) ဖြင့် ဆန်းစစ်ကြည့်ရာ အိန္ဒိယသမုဒ္ဒရာ အရှေ့မြောက်ဆီသို့ တဖြည်းဖြည်း ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံပိုင် ရေပိုင်နက် (သို့မဟုတ်) မြန်မာနိုင်ငံ ရေပိုင်နက်အတွင်း ရွေ့လျားသွားနိုင်မည်ဟု ခန့်မှန်းသိရှိရပါသဖြင့် အဆိုပါ ဗော်ယာ မြန်မာနိုင်ငံရေပိုင်နက်အတွင်း ရောက်ရှိလာပါက ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ ထိန်းသိမ်းထားပေးနိုင်ပါရန် ထိုင်းနိုင်ငံ၊ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ပါးရေးဦးစီးဌာန (Department of Disaster Prevention and Mitigation-DDPM) မှ အကူအညီ တောင်းခံလာခြင်းအား ရည်ညွှန်းပါစာဖြင့် ပေးပို့ညှိနှိုင်း အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါ ဆူနာမီရေလှိုင်းပြဗော်ယာ (Tsunami Buoy)အား မြန်မာနိုင်ငံ ရေပိုင်နက်အတွင်း တွေ့ရှိပါ က sse@dma.gov.mm နှင့် ဖုန်းနံပါတ် 01-9010038 သို့

ဆက်သွယ်အကြောင်းကြား သတင်းပေးပို့ပေးနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
အောင်မင်းခန့်-ဒုတိယညွှန်ကြားရေးမှူး(SSE)